တညီကျေးရွာအုပ်စု

တညီကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တညီကျေးရွာ၊ကျိုက်လတ်မြို့နယ်။

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁-၄ |
| ကျေးဇူးတင်လွှာ | ၅ |
| စကားချီး | ၅-၆ |
| တညီကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်လတ်မြို့နယ် | ၇ |
| တညီကျေးရွာ ရာသီခွင်ပြဇယား | ၈ |
| တညီကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENN DIAGRAM) | ၉ |
| အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် | ၁၀ |
| (၁)နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၁၀-၁၂ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ပထဝီအနေအထားနှင့်လွှမ်းခြုံသက်ရောက်မှု | ၁၂ |
| (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၂-၁၃ |
| (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| (ခ) ကျန်းမာရေးနှင့်အာဟာရ | |
| (ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (ဃ) ကျား-မ ရေးရာဆိုင်ရာ | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၄-၁၆ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်းတံတား၊

လျှပ်စစ်စွမ်းအား၊သတင်း နှင့် ဆက် သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း ၁၈-၁၉

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့်ဘဏ္ဍာလုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၀-၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ(၃)စီမံကိန်းဇယားများ

လူမှုစီးပွားရေး အခြေအနေ

၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

၂။ သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

ဇယား(၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

၆။ ပညာရေး

ဇယား(၁၆) ကျောင်းတက်နှုန်း

ဇယား(၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

၇။ ကျန်းမာရေး

ဇယား(၁၈) အဖြစ်များသော ရောဂါများ

ဇယား(၁၉) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၂၀) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု

ဇယား(၂၂) အိမ်သာအမျိုးအစား

၈။ ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

၉။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

၁၀။ ကျား- မ ရေးရာ

ဇယား(၂၅) ကျား-မ ရေးရာ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈ခု(ဖ)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရေးဦးစွာစီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ် ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသော ကျေးရွာသူ-ကျေးရွာသားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။ စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက် အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့်ဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်သည့်အခက်ခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီစအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး

ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

**စက်တင်ဘာလ၊၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**တညီကျေးရွာ၊ကျိုက်လတ်မြို့**

သယံဇာတပြမြေပုံ



# ရာသီခွင်ပြဇယား

တညီကျေးရွာအုပ်စု၊ တညီကျေးရွာ

ရာသီခွင်ပြဇယား



အဖွဲ့အစည်းဝင်ရောက်မှု



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ် အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များ ရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်

များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် ၊ တိုင်း အဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့်၄င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှုရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားငွေချေးလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၄င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင် ပါသည်။

## (ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျေးရွာလူထု ဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ် အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင် မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

တညီကျေးရွာသည် ကျိုက်လတ်မြို့နယ်၊တံခွန်တိုင်ကားလမ်းအနီးတွင် တည်ရှိပြီး အုပ်ချုပ် ရေးရုံးစိုက်ရာ ကျိုက်လတ်မြို့နယ်နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး မြေပြင်အနေအထားမှာ အသင့်အတင့် အထောက်အကူပြုသည်။ကျေးရွာတွင်မြစ်၊ချောင်းများရှိပြီးမြေပြင်အနေအထားမှာ လယ်ယာမြေ

များ၊စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့်အသက် မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် အဓိကအားထားရာဖြစ်သည်။ နှစ်စဉ်ရေကြီး နစ်မြုပ် ခြင်းခံရသောကြောင့် ပျက်စီးမှုများ ကြုံတွေ့ခံစားရသော်လည်း စီးပွားရေးပျက်စီးသည်အထိတော့ မတွေ့ကြုံရသေးပါ။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီး မြေအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ရှိပါ။တောင်သူများမှာ ချောင်းရေဖြင့် လယ်မြေကေ(၈၂၂)ကေကျော်ကို ရေသွင်း၍ နွေသီးနှံ၊ မိုးသီးနှံ အဖြစ်စိုက်ပျိုးကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ကေ(၈၂၂)ကေ ရှိပြီး၊ မိုးစပါးနှင့် နွေစပါး ကို အဓိကစိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၃၀၈)စုနှင့် ကျား(၅၈၃)၊ မ(၆၆၃)ဦးဖြင့် လူဦးရေပေါင်း(၁၂၄၆) ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ( ၄.၁၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူဦးရေအများဆုံးနေထိုင် ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေမှာလူဦးရေပေါင်း၏ ၆၆.၂ % ခန့် ရှိပြီးလူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်လူရွယ်များကို နည်းပညာ၊အတတ်ပညာ များလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့်တန်းတူညီမျှဖြစ်သည်။ အမျိုးသမီးများ အတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင် ရွက်ပေးသင့်ပါသည်။

**(ခ) ကျန်းမားရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးအများစုမှာလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာယခုနှစ်ပိုင်းအတွင်း ပိုမိုဖြစ်ပွားတက်သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးလူငယ်၊

လူရွယ်၊ သက်ကြီး ပိုင်း တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှုအသိပညာများရှိကြပါသည်။ ကျေးရွာသည် ကျိုက်လတ် မြို့နယ်နှင့် (၁၀)မိုင်ကျော်ဝေးကွာသော်လည်း ကျေးရွာဆေးပေးခန်း ရှိသဖြင့် အချိန်မရွေးဆေးဝါး စောင့်ရှောက်မှုခံယူနိုင်သည်။

ကျေးရွာတွင် သောက်သုံးရေအတွက် မိုးရေလှောင်ကန်နှင့်သုံးရေအတွက် ချောင်းရေကို အသုံးပြုကြပါသည်။ တစ်ခါတစ်ရံဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည်နှင့်အခြားဆိုးရွားသော ရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

## (ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာရှိပညာရေး အဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ သူ/သားအများစုလိုလိုအရေးအဖက်ကျွမ်းကျင်ကြပါသည်။ကျေးရွာရှိစာသင်ကျောင်းမှာ အထက်တန်း(ခွဲ)အဆင့်အထိ သင်ကြားပေးပြီး အထက်တန်းအဆင့်ကို အိမ်ယာကြီးကျေးရွာတွင် သင်ကြားနိုင်သဖြင့် အတန်းပညာတက်ရောက်သင်ကြားနိုင်မှုမြင့်မားပါသည်။ ဘွဲ့ရအရေအတွက် မှာ အသင့်အတင့်ရှိသည်။ ပညာအရည်အချင်းများ အသင့်အတင့်တက်မြောက်ကြသော်လည်း အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါး ပါသည်။

## (ဃ) ကျား-မရေးရာဆိုင်ရာ

အခြံချောင်းကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများ အရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျား-မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်နှင့်အလယ်တန်း အဆင့်တွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားအရေ အတွက်ထက်များနေသော်လည်းအထက်တန်းအဆင့်တွင်မအရေအတွက်မှာ ကျားအရေအတွက်

ထက်ပိုနည်းနေ၍ အမျိုးသမီးများ အတွက် ပညာရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာ တွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများကပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခ သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပြီးရကြပါသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း ဟုသီးခြားမရှိသော်လည်းကျေးရွာ၏ သာရေး၊နာရေးကိစ္စအပါအဝင်လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအသင့်အတင့်ရှိသည်။ အဆိုပါအဖွဲ့အစည်းများ ဖွဲ့စည်း၍ စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။ပက် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်းများကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေချေးလုပ်ငန်းများကို လည်ပတ်ဆောင်ရွက်လျှက်ရှိသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

တညီကျေးရွာတွင်မိုးစပါးနှင့်နွေစပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၈၂၂) ဧက ရှိပြီး သီးထပ်အဖြစ် နွေစပါး(၈)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအတွက်မှာ (၅၅)တင်း နှင့် နွေစပါး(၁၀၀)တင်းတို့ ထွက်ရှိကြပါသည်။ နွေစပါးဧက(၈)ဧကကို ချောင်းရေမှ ရေသွင်းစိုက်ပျိုး ကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှလည်း တောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်း ခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သောလုပ်အားခ

မပေးနိုင်ခြင်း ပြဿနာများ ကို ရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက်မှု ကိုကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ်နေကြသည်။ နှစ်စဉ်ရေကြီးရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ဝက်၊ ကြက်၊ ဘဲ တို့ကိုသာ မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။ သို့သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းနေပါသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့် အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စား၊ ခေါင်းရွက်ဗျပ်ထိုး၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ကျေးရွာများပြားခြင်းက ကျေးရွာ၏ အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘဏ်စုံပိုးမွှား နှိမ်နင်းရေးနည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်သည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ကော်နှင့်ဆက်စပ်သော

ပစ္စည်းများစနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာ၏ လယ်မြေများသည် ရေကြီးလွှမ်းမိုးမှုကို နှစ်စဉ်ကြုံတွေ့ ရသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့်လည်း မုန်တိုင်းဝင်ရောက်မှုကို ကြုံတွေ့ရပါသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ကျရောက်မြဲဖြစ်သောရေကြီးခြင်းသည်လည်း သဘာဝဘေးအန္တရာယ် တစ်ခု အဖြစ်ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး ပေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း(၆.၇)ကျပ်တိုး၊ တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်း ဖြင့်အများဆုံး(၁၀) ဧကချေးယူနိုင်ကြသည်။ကျေးရွာတွင် Pact Myanmar အဖွဲ့အစည်းများရှိပြီး လစဉ်အရစ်ကျ ပေးသွင်းပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ စည်းကမ်းပိုင်းတွင်လည်း တင်းကျပ်ထားပါသည်။ အချို့အိမ်ထောင်စုများသည် ရွာထဲမှ မိတ်ဆွေ၊မိသားစုထံမှ ချေးယူကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထား ပါသည်။

## (စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သောက်သုံးရေအတွက် မိုးရေလှောင်ကန်မှရရှိပြီး လုံလောက်မှုမရှိပါ။ချောင်းရေများကို ကြိုချက်၍သောက်သုံးရပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကို ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲကြပါသည်။ ထို့ကြောင့် ရေကြောင့်ရောဂါဖြစ်ပွား နည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက်ကျေးရွာတွင်အပန်းဖြေအနားယူနိုင်သည့်နေရာသီးသန့်မရှိပါ။အခြား

အားကစားဆိုင်ရာဘောလုံးကွင်းများလည်း တည်ဆောက်ရန်လိုအပ်နေပါသည်။

### (ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

အခြံချောင်းကျေးရွာတွင်းလမ်းအား လူတစ်ကိုယ်သွားကျောက်ပြားငယ်များနှင့် ခင်းထားပြီး၊ကျောက်ပြားများ ကျိုးပဲ့ပျက်စီးနေပြီဖြစ်ပါသည်။ရေလမ်းခရီးအတွက် လှေစက် လှေများကိုအသုံးပြု သွားလာနေကြပြီး၊ ကုန်းလမ်း၊ရေလမ်းခရီး အတွက် လှေ၊စက်လှေများကို အသုံးပြုသွားလာနေကြပြီး ကုန်းလမ်းခရီးကိုစက်ဘီး၊ဆိုင်ကယ်၊ထော်လာဂျီကားများနှင့် လိုက်ပါ သွားလာနိုင်ပါသည်။ကျေးရွာ တွင်လျှပ်စစ်မီးမရှိပါ။ ဆိုလာအနည်းငယ် နှင့်အခြားမီးများကို သုံးစွဲကြပြီးဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်း၊လေဒီယို-တီဗွီတို့မှ သတင်းအချက်အလက်များကို ရရှိပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းများ နည်းပါးခြင်းကြောင့် အေးချမ်းသာယာပြီး ကုန်စည် စီးဆင်းမှုအဆင်ပြေစေပါသည်။ ဆက်သွယ်ရေးသတင်း အချက်အလက်များကောင်းမွန်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် အလွယ်တကူ ချိတ်ဆက်အကူအညီရယူနိုင်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲခြင်း မရှိသေးသော် လည်း(၃)မိုင်ခန့်သာဝေးကွာသော အခြံချောင်းကျေးရွာတွင် လျှပ်စစ်မီးရရှိရန် မျှော်လင့်ချက် တစ်ခုဖြစ်သည်။ ရွာမီးလင်းရေးအတွက်ဇီဝလောင်စာ၊ ဒီဇယ်အင်ဂျင်၊ ဆိုလာမီးတို့ဖြင့် ကျောင်းသားကျောင်းသူတို့အတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်းနှင့် လူနေမှုအဆင့် အတန်း မြင့်မားလာရေးအတွက် ဆောင်ရွက်နေကြ ပါသည်။လူငယ်ပညာတက်များရှိပြီး လူဦးရေအားလုံး၏(၇၂.၀၆)သည်အလုပ်လုပ်နိုင်သောအရွယ်များ ဖြစ်ကြသည်။ လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကြောင်း သင်တန်းများကို

လူငယ်များ အား လေ့ကျင့်ပေးခြင်းဖြင့်တိုးတက်လာစေနိုင်ပါသည်။ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ကြပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုအလွယ်တကူလက်လှမ်းမီနိုင်ကြပါသည်။စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကျိုက်လတ်မြို့နယ် ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များအနေတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာစပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာတွင်ချောင်းရေသွင်း၍နွေစပါး(၅၉၀) ဧကေ၊မိုးစပါး (၅၉၀)ဧကေ ကိုစိုက်ပျိုးထုတ်လုပ်ပါသည်။ကျေးရွာသည်ကျိုက်လတ်မြို့၊ ရန်ကုန်မြို့တို့သို့ ကားလမ်း၊ ရေလမ်းတို့ဖြင့်ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့်ကျေးရွာထုတ်ကုန်များကို အချိန်တင်ပို့ရောင်းချတင်ပို့နိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုဈေးကွက်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။အင်တာနက်အသုံးပြုမှုမှာ လည်းကောင်းမွန်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထုအားလုံးပူးပေါင်းပါဝင်ပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင် များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊အလုပ်အကိုင်များ ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားတိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့်ကလေးငယ်များ၏ လူသားဆိုင်ရ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စု များဖွဲ့ပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာ စေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည် ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး များကိုချမှတ်ပြီး ကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက် မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များ လုပ်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည်အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည် ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ် သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန် ဖြစ်ပါသည်။

**(က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင်မိုးစပါး၊ဆောင်စပါး၊အခြားသီးနှံများကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်ခြင်း၊ရွှေခရုဖျက်ပိုး ကျရောက်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ရေကြီး နစ်မြုပ်မှုနှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မှီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်အောင် သက်ဆိုင်ရာ အစိုးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။ စပါးဈေးနှုန်းကျဆင်းမှုကြောင့်တောင်သူများ အရှုံးနှင့်ရင်ဆိုင်ရပါသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိသေးပြီး ဝင်ငွေကောင်းမွန်သောစိုက်ပျိုးရေးများလုပ်ဆောင်နိုင်ရန် နည်းပညာ များနှင့်ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

## (ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊မွေးမြူရေးချေးငွေ၊အသေးစားစက်မှု လက်မှု လုပ်ငန်းများအတွက်ချေးငွေနှင့်အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကာလရှ ည်နှင့်အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင် ပါသည်။အထူးသဖြင့်လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလို အပ်ပါသည်။

## (ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခု လုံး၏အမျိုးမျိုးကွဲ ပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော် တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်

လုပ်ငန်းသစ်များလုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးအထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီးမြို့နယ် အဆင့်စီမံခန့်ခွဲမှုအောက်တွင်တစ်နှစ် ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီးမြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်
လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာရွာတွင်းလမ်းများမှာ အုတ်စီလမ်းများဖြစ်ပြီး ဆိုင်ကယ်၊စက်ဘီးများကို အသုံးပြု၍သွားလာနေပါသည်။လမ်းကြီးလမ်းငယ်များကိုစနစ်တကျစီမံခန့်ခွဲရန်လိုအပ်ပြီး ရွာတွင်းလမ်းများကိုစနစ်တကျခင်းကျင်းရန်လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်လာမှုနှင့် အညီလမ်းများဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**၇။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ် ဦးစားပေးတန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့

ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

## ဦးစားပေးစီမံချက်များ(တညီကျေးရွာ)

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦး | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂(၂၃၅၀၀'×၂'×၆") ပေ | |
| | ၂။စာပေဗဟုသုတကြွယ်ဝလာစေရန် | ၇၀ | ၄ | ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နိုင်ရန်ဆောင်ရွက်ခြင်း | |
| | ၃။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၆၀ | ၅ | တညီကျေးရွာမှကျိုက်လက်-မော်လမြိုင်ကျွန်းကားလမ်းသို့ ဆက်သွယ်သောမြစ်ကူးတံတား ရရှိဆောင်ရွက် | |
| ပညာရေး | ၁။ပညာရေးအဆောက်အဦများတိုးတက်ကောင်းမွန်လာစေရန် | ၉၀ | ၂ | စာသင်ကျောင်းတိုးချဲ့ဆောက်လုပ်ခြင်း | |
| | ၂။ကျောင်းသားများကျန်းမာရေးတိုးတက်စေရန် | ၈၀ | ၃ | စာသင်ကျောင်းသောက်သုံးရေအတွက် ဂါလံ(၁၀၀၀၀)ဆန့် အုတ်ရေလှောင်ကန် ရရှိ အောင် ဆောင်ရွက်ခြင်း | |

## ဦးစားပေးစီမံချက်များ(တညီကျေးရွာ)

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် | ၅၀ | ၆ | စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုတိုးတက်အောင်ဆောင်ရွက်ခြင်း | |
| စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရန် | ၄၅ | ၇ | အသက်မွေးဝမ်းကျောင်းပညာများရရှိတိုးတက်အောင် ဆောင်ရွက်ခြင်း | |

**နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(တညီကျေးရွာ)**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်ကွန်ကရစ်လမ်းခင်းခြင်း ၂(၂၃၅၀၀'×၂'× ၆") ပေ | ၁ | ✔ | ✔ | ✔ | | |
| ၂ | ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေး အစီအစဉ် | ၄ | | | ✔ | ✔ | ✔ |
| ၃ | တညီကျေးရွာမှကျိုက်လတ်-မော်လမြိုင်ကျွန်းကားလမ်းပေါ်သို့ ဆက်သွယ်သောမြစ်ကူးတံတား ရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | | | ✔ | ✔ |
| ၄ | စာသင်ကျောင်းဆောင်တိုးချဲ့ ဆောက်လုပ်ခြင်း | ၂ | | ✔ | ✔ | | |
| ၅ | စာသင်ကျောင်းသောက်သုံးရေ အတွက် ဂါလံ(၅၀၀၀)ဆန့် အုတ်မိုးရေလှောင်ကန်ရရှိအောင် ဆောင်ရွက်ခြင်း | ၃ | | ✔ | ✔ | ✔ | |
| ၆ | စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၆ | | | | ✔ | ✔ |
| ၇ | အသက်မွေးဝမ်းကျောင်းအတက်ပညာများ ရရှိအောင်ဆောင်ရွက်ခြင်း | ၇ | | | | | ✔ |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တညီကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● မိုးရာသီသွားလာရေးခက်ခဲခြင်း | ● ကျေးရွာတွင်းရှိအုတ်စီလမ်းများပေါက်ပြဲပျက်စီးနေခြင်း | ● ကျေးရွာမှလုပ်အားဖြင့်ထည့်ဝင်နိုင်ခြင်း<br>● ငွေကြေးအချို့ထည့်ဝင်နိုင်ခြင်း | ● ကွန်ကရစ်လမ်းခင်းရန်ငွေကြေးအခက်အခဲရှိခြင်း | ● ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း<br>● သက်ဆိုင်ရာဌာနများသို့ချိတ်ဆက်တောင်းခံခြင်း | ● ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂(၂၃၅၀၀'×၂'×၆")ပေ |
| | ● အသိပညာဗဟုသုတများအားနည်းခြင်း | ● ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း | ● စာကြည့်တိုက်ရှိခြင်းဖြင့်အသိပညာဗဟုသုတများရရှိလာ၍ကျေးရွာတွင်ပြဿနာများနည်းပါးလာနိုင်ခြင်း၊<br>● စာဖတ်ဝါသနာပါသူများရှိခြင်း | ● အထောက် အပံ့ပံ့ပိုးပေး နိုင်မည့်အဖွဲ့ အစည်းများနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း | ● ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအတွက်အဆက်အသွယ်ကောင်းများမရှာဖွေတတ်ခြင်း | ● ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအစီအစဉ် |
| | ● လမ်းပန်းဆက်သွယ်ရေးသွားလာရေးခက်ခဲခြင်း | ● မြစ်ကူးတံတားလိုအပ်ခြင်း | ● မြစ်ကူးတံတားရရှိပါကကျေးရွာမှထွက်ကုန်များ အလွယ်တကူတင်ပို့ရောင်းချနိုင်ခြင်း<br>● ကျေးရွာမှစိတ်အားထက်သန်မှုရှိခြင်း | ● ငွေကြေးမလုံလောက်ခြင်း<br>● အဆက်အသွယ်ကောင်းများမရှာဖွေတက်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း<br>● ငွေကြေးအရင်းအနှီးအတွက် ပြင်ပအကူအညီများ ရှာဖွေခြင်း | ● ကျေးရွာမှကျိုက်လတ်-မော်လမြိုင်ကျွန်းကားလမ်းပေါ်သို့ဆက်သောမြစ်ကူးတံတားရရှိအောင်ဆောင်ရွက်ခြင်း |

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တညီကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **ပညာရေးကဏ္ဍ** | | | | | |
| | ● ကျောင်း သား / ကျောင်းသူ များ စာ သင် ရန် ကျောင်းဆောင် အခက်အခဲရှိ ခြင်း | ● စာသင်ကျောင်း ဆောင်မလုံ လောက်ခြင်း | ● ကျေးရွာစာသင်ကျောင်း မှာအထက်တန်းကျောင်း ဖြစ်ခြင်း<br>● စာသင်ကျောင်းဆောင် ရရှိပါကကျေးရွာမှငွေ ကြေးအချို့ထည့်ဝင်နိုင် ခြင်း | ● ကျောင်းသားအင် များခြင်း<br>● ပညာရေးရန်ပုံငွေ အရင်းအနှီးမလုံ လောက်ခြင်း<br>● သက်ဆိုင်ရာဦးစီး ဌာနများသို့မဆက် သွယ်တက်ခြင်း | ● ပညာရေးဌာန၊ဖွံ့ဖြိုးရေးအ ဖွဲ့အစည်းများနှင့်ချိတ်ဆက် ၍ဆောင်ရွက်ခြင်း | ● စာသင် ကျောင်း ဆောင်တိုးချဲ့ဆောက် လုပ်ခြင်း |
| | ● စာသင်ကျောင်း တွင် သောက်သုံး ရေ အခက်အခဲရှိ ခြင်း | ● ကျေးရွာရှိ သောက်ရေကန် နှင့် ဝေးခြင်း<br>● ကျောင်းသား အင်အားများ ခြင်း | ● ကျောင်းသားများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုနိုင် ခြင်း<br>● ကျောင်းရေိယာအကျယ် အဝန်း လုံလောက်မှုရှိ ခြင်း | ● ကျောင်းသား အင်အားများ၍ ကျောင်းအတွင်းရှိ မိုးရေလှောင်ကန် ဖြင့်မလုံလောက် ခြင်း<br>● ငွေကြေးအခက် အခဲရှိခြင်း | ● စာသင်ကျောင်းသောက်သုံး ရေကန်ရရှိရေးအစီအစဉ်များ ရှာဖွေခြင်း | ● စာသင်ကျောင်း သောက်သုံးရေကန် အတွင်း ဂါလံ (၁၀၀၀)ဆန့်အုတ်မိုး ရေလှောင်ကန်ရရှိရန် |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တညီကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | စိုက်ပျိုးရေးကဏ္ဍ | | | | | |
| | ●စိုက်ပျိုးရေး နည်းပညာများ အသုံးပြုနိုင်မှု အားနည်းခြင်း ●ပိုးနှင့်ရောဂါကျ ခြင်း | ●နည်းပညာဝန် ဆောင်မှု အား နည်းခြင်း ●သဘာဝအရ ရောဂါပိုးမွှား ကျနိုင်သည့် အခြေအနေများ ပေါင်းစုံဖြစ်ခြင်း | ●စိုက်ပျိုးရေးဌာနရှိခြင်း ●စိုက်ပျိုးရေးကုမ္ပဏီ များရှိခြင်း | ●ကွင်းဆင်းဝန် ထမ်းနည်းခြင်း ●မြို့နှင့်ဝေးခြင်း၊ လွယ်ကူနီးစပ် သောစိုက်ပျိုးရေး ရုံးမရှိခြင်းကြောင့် နည်းပညာများ အ လွယ်တကူမရှိ နိုင်ခြင်း | ●စိုက်ပျိုးနည်းပညာများ ဝန် ဆောင်မှု ပြည့်ဝစွာရရှိရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိ က အဖွဲ့အစည်းများနှင့် ချိတ် ဆက်ခြင်း | ●စိုက်ပျိုးရေးနည်း ပညာများ ရရှိ အသုံးပြုမှု တိုးတက် အောင် ဆောင်ရွက် ခြင်း |
| ၄ | စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းကဏ္ဍ | | | | | |
| | ●အလုပ်အကိုင် အခွင့်အလမ်း များနည်းပါးခြင်း ●စိုက်ပျိုး၊မွေးမြူ ရေးလုပ်ငန်းမှ လွဲ၍အခြားဝင် ငွေရလုပ်ငန်း လုပ်ကိုင်လိုစိတ် နှင့်အတတ်ပညာ နည်းပါးခြင်း | ●မိရိုးဖလာ လယ် ယာလုပ်ငန်းနှင့် သာ အသက်မွေး ဝမ်းကျောင်းပြု သူများခြင်း ●လယ်ယာရိတ် သိမ်းချိန်မှသာ အလုပ်အကိုင်ရှိ ခြင်း | ●လယ်သမား၊ပန်းရံ လုပ် ငန်းတက်မြောက်သူများ ရှိခြင်း | ●အသက်မွေးဝမ်း ကျောင်းအတတ် ပညာတိုးတက် ရေးအတွက်အစီ အစဉ်များ မရှိခြင်း ●အသေးစားစီးပွား ရေးလုပ်ငန်းများ တည်ထောင်နိုင် ရေးအတွက် အသိ အမြင်များမရှိခြင်း | ●အသက်မွေးဝမ်းကျောင်းအ တတ်ပညာ တိုးတက်ရေး အ တွက် အကူအညီပေးမည့် အစီ အစဉ်များ ရှာဖွေခြင်း ●အသေးစား စီးပွားရေး လုပ် ငန်းလုပ်ကိုင်ရန် အသိပညာ ဖွံ့ဖြိုးရေးအတွက် အကူအညီ ရရှိရန် မြို့နယ်အဖွဲ့အစည်း များသို့ တင်ပြခြင်း | ●အသက်မွေးဝမ်း ကျောင်းအတတ် ပညာတိုးတက်ရေး လုပ်ငန်း ●အသေးစားစီးပွား ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း |

## တညီကျေးရွာအုပ်စု၊တညီကျေးရွာ(VDP)စီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | အသက် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မြင့်သန်း | ဦးလှခိုင် | ၅၀ | ၁၄/ကလန(နိုင်)၁၁၀၀၆၃ | ဥက္ကဋ္ဌ | | |
| ၂ | ဦးစန်းဦး | ဦးပေါ | ၄၈ | ၁၄/ကလန(နိုင်)၀၉၉၅၉၃ | ဒု-ဥက္ကဋ္ဌ | | |
| ၃ | ဦးရန်နောင်စိုး | ဦးဖိုးမင်း | ၂၈ | ၁၄/ကလန(နိုင်)၁၅၆၃၇၇ | အတွင်းရေးမှူး | | |
| ၄ | ဦးမောင်မောင်မြင့် | ဦးအောင်သန်း | ၄၃ | ၁၄/ကလန(နိုင်)၀၃၇၆၁၆ | တွဲဘက်အတွင်းရေးမှူး | | |
| ၅ | ဦးသိန်းမင်းလတ် | ဦးသိန်းစိုး | ၃၆ | ၁၄/ကလန(နိုင်)၀၉၅၃၉၅ | ဘဏ္ဍာရေးမှူး | | |
| ၆ | ဒေါ်အေးသီတာ | ဦးစိန်ဝင်း | ၃၄ | ၁၄/ကလန(နိုင်)၀၃၈၀၁၂ | စာရင်းကိုင်(၁) | | |
| ၇ | ဦးရန်နိုင်ကျော် | ဦးတင်မောင်ဆွေ | ၂၂ | ၁၄/ကလန(နိုင်)၁၁၄၁၃၁ | စာရင်းကိုင်(၂) | | |
| ၈ | ဦးတင်ဦးနိုင် | ဦးကြည်ဝင်း | ၄၅ | ၁၄/ကလန(နိုင်)၀၀၀၇၁၆ | အဖွဲ့ဝင် | | |
| ၉ | ဒေါ်ရင်ရင်စိန် | ဦးတင်ညွန့် | ၅၇ | ၁၄/ကလန(နိုင်)၀၈၇၉၁၇ | အဖွဲ့ဝင် | | |
| ၁၀ | ဦးစိုးသန်း | ဦးရွှေဝင်း | ၄၉ | ၁၄/ကလန(နိုင်)၀၃၇၉၉၀ | အဖွဲ့ဝင် | | |
| ၁၁ | ဒေါ်သိမ့်သိမ့်စိုး | ဦးခင်သောင်း | ၃၀ | ၁၄/ကလန(နိုင်)၁၀၅၂၅၈ | အဖွဲ့ဝင် | | |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၃ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၃ | ၃၀ | ၆၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၁ | ၆၀ | ၁၁၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၆၆ | ၁၂၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၅ | ၄၅၆ | ၈၅၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၅ | ၃၈ | ၄၃ |
| **စုစုပေါင်း** | | **၅၈၃** | **၆၆၃** | **၁၂၄၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **( ၃၀၈)** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၀၈)အိမ် နှင့် လူဦးရေပေါင်း(၁၂၄၆) ဦး၊(ကျား-၅၈၃၊မ-၆၆၃)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး ပျမ်းမျှ လူဦးရေ အောက်လျော့နည်းပါသည်။ အလုပ်လုပ်ကိုင်သူဦးရေမှာ(၆၈%)ရှိပြီးများသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့်မိသားစုအများစုမှာ ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ ကျောင်းတတ်နိုင်သော အသက်အရွယ်ရှိသူများသည်ကျေးရွာတွင်အထက်တန်းကျောင်း(ခွဲ) ရှိသောကြောင့်၊ ပညာသင်ကြားရန် အဆင်ပြေသောကြောင့် အနာဂါတ်သားကောင်းရတနာများ ပေါ်ထွက်လာနိုင်ပါသည်။အသက်(၆၀)နှင့်အထက်ရှိ အသက်အရွယ်များရှိနေခြင်းအတွက် သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈၂၂ | သင့် | ရ | မြစ်ရေ |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၁၁၅ | သင့် | ရ | မြစ်ရေ/ချောင်းရေ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | **၉၃၇** | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**။ ။ကျေးရွာတွင်လယ်မြေ (၈၂၁)ဧက နှင့် ဥယျာဉ်ခြံမြေ (၁၁၅) ဧက ရှိပြီးလယ်မြေကို အဓိက စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးတွင် မြစ်ရေ/ချောင်းရေကိုအသုံးပြုကြပြီး စိုက်ပျိုးရေလုံလောက်မှုရှိပါသည်။စိုက်ပျိုးရေးအသိပညာနှင့်နည်းပညာ နည်းပါးခြင်း၊ ဖျတ်ပိုးများ ကျရောက်ခြင်းကြောင့် စပါးအထွက်နှုန်း နည်းပါးပါသည်။ နည်းပညာ အထောက်အပံ့ရရှိ၍ ဖျတ်ပိုးများနှိမ်နင်းနိုင်ပါက စပါးအထွက်နှုန်းကောင်းမွန်လာနိုင်ပါသည်။ ကျေးရွာတွင်စားကျတ်မြေ၊ သစ်တောမြေများမရှိပါ။ ဥယျာဉ်ခြံမြေများမရှိသော်လည်း စီးပွားဖြစ်စိုက်ပျိုးနိုင်သောပျိုးပင်များဖန်တီးနိုင်ပါက ဝင်ငွေတိုးလာနိုင်ပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ | - | - |

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကျောက်မီးသွေး၊ သဲ) စသည့် | | |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် - ၃၀˚C | ပျှမ်းမျှ မိုးရေချိန် -၈၀ မှ ၁၂၀ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင်ဓါတ်သတ္တုမရှိပါ။ ကျောက်မီးသွေး၊ သဲ မရရှိပါ။တိရိစ္ဆာန်မျိုးစိတ်များ၊ အပင်မျိုးစိတ်များလည်းမရှိပါ။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | မလွန်ဆန် လှူအဖွဲ့၊ | ၁☐ ၂☐ ၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မစွမ်းဆောင်နိုင်ပါ |
| ၂ | ကြက်ခြေနီ အဖွဲ့ | ၁☐ ၂✔ ၃☐ | ကျန်းမာရေး ✔ | စွမ်းဆောင်နိုင်မှုအသင့်အတင့် ရှိပါသည် |
| ၃ | အမျိုးသမီး အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မစွမ်းဆောင်နိုင်မှုကောင်းပါသည် |
| ၄ | ငွေစုငွေချေး အဖွဲ့ | ၁✔ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | မစွမ်းဆောင်နိုင်မှုကောင်းပါသည် |

| စဉ် | အဖွဲ့အစည်း အမည် | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | လယ်သမား အဖွဲ့ | ၁ ✔ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မစွမ်းဆောင်နိုင်မှုကောင်းပါသည် |
| ၆ | လူငယ်အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မစွမ်းဆောင်နိုင်မှုကောင်းပါသည် |
| ၇ | မီးသတ်အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | စွမ်းဆောင်နိုင်မှုအသင့်အတင့် ရှိပါသည် |
| ၈ | ဘာသာရေး အဖွဲ့ | ၁☐ ၂☐ ၃ ✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မစွမ်းဆောင်နိုင်မှုကောင်းပါသည် |
| ၉ | ပြည်သူ့စစ် | ၁☐ ၂ ✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စွမ်းဆောင်နိုင်မှုအသင့်အတင့် ရှိပါသည် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင်မလွှန်ဈေးဆန်လှူအဖွဲ့ရှိပြီး

စွမ်းဆောင်နိုင်မှု အားနည်းပါသည်။ အမျိုးသမီးအဖွဲ့၊ ငွေစုငွေချေးအဖွဲ့လည်း ရှိပါသည်။ စိုက်ပျိုးရေး အတွက် လယ်သမားအဖွဲ့၊ လူငယ်များအဖွဲ့လည်း ရှိပါသည်။ အရန်မီးသတ်အဖွဲ့ရှိပြီး ပြည်သူ့စစ်အဖွဲ့ သည်လည်း လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ကောင်းမွန်ပါသည်။ကျေးရွာတွင် အဖွဲ့အစည်းစနစ် ကောင်းများရှိသည် ကိုတွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀-၂၀ ဧကခန့် | ၅-၁၀ ဧကခန့် | ၅ ဧကအောက် | ၁ ဧကအောက်/ မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်၊သွပ်မိုးပျဉ်ထောင်၊ပျဉ်ခင်း အိမ် | သွပ်မိုးပျဉ်ထောင်၊ ပျဉ်ခင်း | ဓနိမိုး၊ထရံကာ | ဓနိအိမ်၊တဲအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆန်စက်(၂)လုံး | - | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ဆန်စက်၊ မွေးမြူရေး | လယ်၊ဈေးဆိုင်၊ ကုန်သယ် | လယ်၊နေ့စား | ငါးရှာ၊ဖားရှာ၊ နေ့စား |
| **အိမ်ထောင်စု** | **၁၈** | **၅၉** | **၈၂** | **၁၄၉** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာ၏(၁၈)အိမ်ထောင်စုသည် ချမ်းသာအဆင့်၊(၅၉)အိမ်ထောင်စုသည် အလယ်အလတ်အဆင့်၊ (၈၂)အိမ်ထောင်စုသည် မပြေလည် သောအဆင့်၊(၁၄၉)အိမ်ထောင်စုသည် အလွန်မပြေလည်သောအဆင့် အဖြစ်ခံယူထားပါသည်။ ဆင်းရဲသော အိမ်ထောင်စုသည် အလွန်များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းပညာ အထောက်အပံ့များနှင့် အခြားဝင်ငွေရ လုပ်ငန်းများရရှိပါက လာမည့်(၅)နှစ်အတွင်း ဆင်းရဲမှုလျှော့ချ နိုင်ပါမည်။ မွေးမြူရေးလုပ်ကိုင်သူများလည်း ရှိပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃၅ | ၄၃.၇၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၇၃ | ၂၃.၇၀% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၄၂ | ၁၃.၇၇% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၄၀ | ၁၂.၉၉% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၈ | ၅.၈% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၃၀၈** | **၁၀၀%** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ကျေးရွာတွင်တောင်သူကြီး(၁၈)ဦး၊ အလယ်အလတ်စားတောင်သူ(၄၀)ဦး၊ တောင်သူငယ်(၄၂)ဦး၊ ဆင်းရဲသားတောင်သူ(၇၃)ဦးနှင့် မြေယာမဲ့အိမ်ထောင်စု(၁၃၅)စုရှိပါသည်။ ကျေးရွာ၏(၄၃.၈)ရာခိုင်နှုန်းမှာ မြေယာမဲ့အိမ်ထောင်စု (၁၃၅) စုရှိပါသည်။ ကျေးရွာ၏(၄၃.၈)ရာခိုင်နှုန်းမှာ မြေယာမဲ့အိမ်ထောင်စုများရှိနေခြင်းကြောင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်လိုအပ်ပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| နှမ်းစပါး | ၈၂၂ | တင်း | ၇၀ | ၁၃၀ | ၁၀၀ | သင့်(ပျမ်းမျှအားဖြင့် စပါးအထွက်နှုန်းသင့်ပါသည်။ ဈေးကွက်ကောင်းကောင်းမရရှိခြင်းကြောင့် အကျိုးအမြတ် များစွာမရရှိပါ။ |
| မိုးစပါး | ၈၂၂ | တင်း | ၄၀ | ၇၀ | ၅၅ | သင့်(ပျမ်းမျှအားဖြင့် စပါးအထွက်နှုန်းသင့်ပါသည်။ ဈေးကွက်ကောင်းကောင်းမရရှိခြင်းကြောင့် အကျိုးအမြတ် များစွာမရရှိပါ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးကြပါသည်။ နွေစပါးတွင် (၁)ဧက အထွက်နှုန်း ပျမ်းမျှ(၁၀၀)တင်းထွက်ရှိပြီး အများဆုံး (၁၃၀)တင်း ၊အနည်းဆုံး (၇၀)တင်း ထွက်ရှိပါသည်။ မိုးစပါးတွင်ပျမ်းမျှတင်း(၅၅) တင်းထွက်ရှိပြီး အများဆုံး(၇၀)တင်းနှင့်အနည်းဆုံး (၄၀)တင်းထွက်ရှိပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်သောကြောင့် စပါးမျိုးကောင်း မျိုးသန့်များရရှိ၍ စိုက်ပျိုးနည်း စနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်ကောင်းကောင်းရရှိပါက ပိုမိုအဆင်ပြေ လာနိုင်ပါသည်။

**(၄.၃) မွေးမြူရေးလုပ်ငန်း**

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | - | - |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၁ | ၃ |
| သိုး | - | - |
| ဝက် | ၁၂၉ | ၂၉၀ |
| ကြက် | ၁၀၂ | ၁၀၄၁ |
| ဘဲ | ၂၈ | ၅၉၁၂ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |
| | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ဆိတ်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၁၂၉)စု၊ ဘဲမွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု(၂၈)စုရှိပါသည်။ ငါးပုဇွန် ကန်စီးပွားဖြစ်ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများမရှိပါ။ကြက်၊ဘဲမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြသော်လည်း ဝင်ငွေရရှိမှု အားနည်းကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၁ | ၂ | ၄ | လတ်(ဒီဇယ်အင်ဂျင်မီးစက်မောင်း) |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | ၄ | ၁ | နိမ့်(လက်သမား၊ပန်းရံလုပ်ငန်းများလုပ်ကိုင်ကြခြင်း) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | ၁ | နိမ့်(ထွန်စက်၊မီးစက်) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၄ | ၁၉ | ၁ | နိမ့်(စက်ချုပ်) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၅ | ၄ | ၁၅ | လတ်(အိမ်ဆိုင်၊ကျောင်းဈေးရောင်း၊ခေါင်းရွက်ဈေးသည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၂၅ | | မြင့်(ပညာရေးဝန်ထမ်းများ) |
| ၁၃ | ကျန်းမာရေး | ၁ | ၂ | | လတ်(ကျန်းမာရေးဝန်ထမ်း များ) |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁ | ၇၃ | | မြင့်(ကျေးရွာရှိ လူမှုရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့အစည်း များတွင် လုပ်ကိုင်ကြခြင်း) |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | ၁ | ၁၀၀ | ၅၀ | လတ်(ကျဘမ်းအဓိကလုပ်ကိုင် သူ(၅၀)ဦး၊တွဲဖက်လုပ်သား လုပ်ကိုင်သူ(၅၀၀)ဦး |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ အနေဖြင့် ကျေးရွာတွင် အင်ဂျင်မီးစက်မောင်းလုပ်ငန်းလုပ်ကိုင်သူ အငှားလုပ်သား(၂)ဦး၊မိသားစုဝင် လုပ်အား(၄)ဦး၊ လက်သမားပန်းရံလုပ်ငန်း လုပ်ကိုင်သူ အငှားလုပ်သား(၄)ဦး၊ ကိုယ်ပိုင်(၁)ဦး၊ ထွန်စက်၊ မီးစက်ပြင်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ လုပ်သား(၁၉)ဦး၊ ကိုယ်ပိုင်(၁)ဦး၊ အိမ်ဆိုင်စျေးရောင်းလုပ်ငန်းလုပ်ကိုင်သူ(၁၅)ဦးပညာရေးဝနထမ်း(၂၅)ဦး၊ ကျန်းမာ ရေးဝန်ထမ်း(၂)ဦး၊ လူမှုရေးအဖွဲ့အစည်းများတွင်လုပ်ကိုင်သူ(၇၃)ဦး၊ကျဘမ်းလုပ်သား(၅၀၀)ဦးတို့ရှိပါသည်။ ကျဘမ်း လုပ်သားများမှာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားလုပ်ကိုင်ကြသူများ၊ ငါးရှာလုပ်ငန်းများ ဖြစ်ကြပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ကျိုက်လတ် | ရန်ကုန် |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ✔ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ✔ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီးÂ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ✔ စက်လှေ ✔ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ✔ စက်လှေ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ဈေးမရှိပါ။ (၁၀)မိုင်ကျော်ဝေးကွာသော ကျိုက်လတ်မြို့သို့ သွားရောက်ဝယ်ယူရပါသည်။ မအူပင်မြို့သို့လည်း သွားရောက်ဝယ်ယူကြပါသည်။ နွေရာသီတွင် ကျေးရွာမှမအူမြို့သို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပြီး ဒေသထွက်ကုန်များကို ဈေးကွက်တင်ပို့နိုင်ရေးကောင်းမွန်သော အခွင့် အရေးရှိပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☐ ၃☐ ၄ ✔ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ✔ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ✔ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ✔ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ✔ ၂☐ ၃☐ ၅☐ | ကောင်း☐ သင့် ✔ ညံ့ ☐ | ပွင့်လင်း ရာသီ ✔ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ✔ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✔ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ✔ | ပွင့်လင်း ရာသီ ✔ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ✔ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅၊ အုတ်ခင်းလမ်း- ၆ ၄☐

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရွာတွင်းလမ်းမှာအုတ်စီလမ်းဖြစ်၍ ပေါက်ပြဲ ပျက်စီးနေပြီး မိုးတွင်းကာလကျောင်းတက်ချိန်တွင် (၃ပေ)သာရှိသော လမ်းအကျယ်မှာ ကျောင်းသား/သူ (၅၀၀)ကျော် အင်အားကျောင်းဆင်း၊ ကျောင်းတက်ချိန်တွင် ပိုရှုပ်ဆိုးရွားနေပါသည်။ ပျက်စီးနေသော လမ်းပေါ်တွင် မကြာခဏထိခိုက်အန္တရာယ်များလည်းဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ✔<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ✔ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ✔ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှရေကြောင်းသယ်ယူပို့ဆောင်ရေးတွင်မြစ်ကြောင်းကိုသာအသုံးပြုကြပါသည်။ ပင်လယ်ရေကြောင်းမရှိခြင်းကြောင့်အသုံးမပြုပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၈၅ | ၁၂၃ | ၁၂၂ | ၅၉ | - | ၂ | ၃ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လှေ၊သမ္ဗာန်၊စက်လှေများကိုရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးပြုကြပြီး ဆိုင်ကယ်၊ စက်ဘီးများကို ကျောင်းသွား၊ ကျောင်းပြန်နှင့် အခြားသယ်ယူပို့ဆောင်ရေးတွင်အသုံးပြုကြပါသည်။ ကျေးရွာတွင်ဆိုင်ကယ်(၅၉)စီး၊ ကား(၃)စီး၊ထော်လာဂျီ(၂)စီး ရှိပါသည်။ထို့ကြောင့် ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးမှာကောင်းမွန်ပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၂၈ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၃၆ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၁၄၄ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်လျှပ်စစ်မီးမရှိပါ။ဆိုလာစနစ်သုံးအိမ်ထောင်စု(၁၂၈)စု၊ဒီဇယ်အင်ဂျင်သုံးအိမ်ထောင်စု(၃၆)စု ရှိပါသည်။ ဆိုလာ၊ ဒီဇယ်အင်ဂျင်အသုံးပြုကြသော်လည်း ပစ္စည်းတာရှည်ခံမှုအားနည်းခြင်း၊ သုံးသောအားနှင့် ပေးနိုင်သောအားများမမျှခြင်းတို့ကြောင့် မီးရရှိမှု မကြာခဏပြတ်တောက်တက်ပါသည်။ ဘက်ထရီ၊ဖယောင်းတိုင်မီးများ အသုံးပြုသူများပါသည်။ လျှပ်စစ်မရရှိခြင်းကြောင့်နည်းပညာထောက်ပံ့ပေးနိုင်မှု အားနည်းပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ) ရှိပါသည်။ လျှပ်စစ်မီးရရှိပါက ကျောင်းသားကျောင်းသူများစာဖက်ရန် လျှပ်စစ်မီး ကောင်းစွာအသုံးပြုလာနိုင်မည်ဖြစ်ပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| **စဉ်** | **ဖုန်း** | **ရေဒီယို** | **တီဗွီ** |
|---|---|---|---|
| **အရေအတွက်** | ၂၇၇ | ၆၁ | ၁၄၁ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိအိမ်ထောင်စုအများစုမှာ ဖုန်းအသုံးပြုနိုင်ကြသောကြောင့် ဆက်သွယ်ရေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေဒီယိုအသုံးပြု အိမ်ထောင်စု(၆၁)စုနှင့် တီဗွီအသုံးပြု အိမ်ထောင်စု (၁၄၁)စု ရှိပါသည်။ထို့ကြောင့်သတင်းအချက်အလက်နှင့်ရရှိနိုင်ပါသည်။

## (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မူလတန်း | ၅၄ | ၆၂ | ၁၁၆ |
| အလယ်တန်း | ၄၉ | ၆၃ | ၁၁၂ |
| အထက်တန်း | ၃၁ | ၂၇ | ၅၈ |
| တက္ကသိုလ်/ကောလိပ် | ၁၃ | ၂၂ | ၃၅ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသောကျောင်းသူ/သားများကို**အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ကျောင်းတက်နေသောကျောင်းသားဦးရေမှာ မူလတန်း (၁၁၆)ဦး၊ အလယ်တန်း(၁၁၂)ဦး၊ အထက်တန်း(၅၈)ဦးနှင့် တက္ကသိုလ်/ကောလိပ်(၃၅)ဦးရှိပါသည်။ ကျေးရွာတွင် ကျောင်းတက်နိုင်နှုန်း အသင့်အတင့်သာရှိပြီး ကျေးလက်ဒေသစီးပွားရေး အဆင်ပြေမှုများသောကြောင့် ကျောင်းတက်နိုင်နှုန်း ကောင်းမွန်ခြင်း မရှိပါ။ အရည်အချင်းပြည့်မီသော သားကောင်းရတနာများ ပေါ်ထွက်လာစေရေး အတွက်ကြိုးစားအကောင်အထည်ဖော်သင့်ပါသည်။ စာဖတ်စွမ်းရည်မြင့်မားလာစေရေး စာကြည့်တိုက်ဆောင်ရွက်ကာ လူအားလုံးစာဖတ်လာအောင် ဆောင်ရွက်သင့်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **(၁)** | | | **(၂)** | | | **(၃)** | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ✔<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ✔<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ✔<br>အထက်တန်း ☐ | | |
| ခ။ရွာမှ အကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | ၁၉၀ * ၁၁၄=၂၁၆၆၀ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့် ✔ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့်☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ✔<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ✔<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | | | | ၄ | ၁၉ | ၂၃ |
| ကျေးရွာခန့် | | | | | | | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ အထက်တန်းကျောင်း (ခွဲ) ရရှိပြီ ဖြစ်ပါသည်။ ဆရာ၊ဆရာမဦးရေ(၂၃)ဦးရှိပါသည်။ ကျောင်း၏ ကြမ်းခင်းဧရိယာစုစုပေါင်း

(၁၉၀*၁၁၄=၂၁၆၆၀)စတုရန်းပေရှိပြီး ကျောင်းမြေဧရိယာ(၅)ဧက ရှိပါသည်။ ကျောင်းအားကစားကွင်းမရှိပါ။ ကျောင်းဆောင်(၄)ဆောင် ရှိပြီး(၅၀*၂၄)စတုရန်းပေ(၁)ခု၊ (၄၀*၃၀)စတုရန်းပေရှိ ကျောင်းဆောင်(၂)ခု၊ (၆၀*၃၀)စတုရန်းပေရှိ ကျောင်းဆောင်(၁)ခုတို့ ရှိပါသည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှုရှိရန်လိုအပ်ပါသည်။ ကျောင်းသားများ အာဟာရတိုက်ကျွေးမှုရှိပါသည်။ကျေးရွာရှိစာသင်ကျောင်းသည် အထက်တန်းကျောင်း(ခွဲ)ဖြစ်ပြီး ကျောင်းသားအင်အားနှင့်ကျောင်းဆောင်လုံလောက်မှုမရှိ၍ ကျောင်းသားကျောင်းသူများ စာသင်ရန် အခက်အခဲ ရှိနေပါသည်။ ထို့ကြောင့် ကျောင်းဆောင်ထပ်မံတိုးချဲ့ဆောက်လုပ်ရန်လိုအပ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့် ✔ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့် ✔ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ ✔ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ ✔ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ ✔ |
| ၆ | တီဘီ | မြင့်☐ | နိမ့် ✔ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့် ✔ | မရှိ☐ |
| ၈ | သွေးတိုး | မြင့် ✔ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့် ✔ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ ✔ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ ✔ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု တခါတရံ ဖြစ်တက်ပါသည်။ တီဘီ၊ ဆီးချိုရောဂါဖြစ်ပွားမှုများလည်း ရှိပြီးကူစက်ပျံ့နှံ့မှုများ မရှိပါ။ သွေးတိုးရောဂါ ဖြစ်ပွားမှုများလည်းရှိပါသည်။အာဟာရချို့တဲ့မှု၊အခြားကူးဆက်နိုင်သောရောဂါများ မရှိပါ။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ကာကွယ်ဆေးထိုးနှံမှုများအပြည့်အဝရရှိပါသည်။ အာဟာရပညာပေးအစီအစဉ်စနစ်တကျပြုလုပ်ခြင်းများမရှိပါ။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✔ ၁၀ မိုင်အထက် ☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✔ | ရှိ ✔<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီးကျန်းမာရေးအထောက်အပံ့ဝန်ဆောင်မှုများကောင်းစွာရရှိပါသည်။ကျန်းမာရေးဌာနအဖြစ်အဆင့်ရရှိရန်မျှော်လင့်ပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ စက်တပ် | ၁ | ကောင်း ✔ သင့်☐ ညံ့☐ | နွေ၊မိုး၊ဆောင်း |
| အဝီစိတွင်း/ တုံကင် | ၃ | ကောင်း ✔ သင့်☐ ညံ့☐ | နွေ၊မိုး၊ဆောင် |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | ၃၀၈ | ကောင်း☐ သင့် ✔ ညံ့☐ | နွေ၊မိုး၊ဆောာင |
| ရေကန် | ၃၀၈ | ကောင်း ✔ သင့်☐ ညံ့☐ | နွေ၊မိုး၊ဆောာင |
| စိမ်းစမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မြစ်ရေချောင်းရေကိုအဓိကသောက်သုံးရေအဖြစ် အိမ်ထောင်စုတိုင်းနီးပါးအသုံးပြုကြပါသည်။ ကျေးရွာတွင်သောက်ရေအတွက် အများသုံးရေကန် (၄)ကန်ရှိပြီး ကျေးရွာစာသင်ကျောင်း တွင်ဂါလံ(၅၀၀)ဆံ့ အုတ်ရေလှောင်ကန်(၁)ခုရှိသော်လည်း ကျောင်းသားအရေအတွက်များပြားပြီးသောက်ရကန်နှင့်ဝေးသောကြောင့် ကျောင်းသား/ကျောင်းသူ များသောက်ရေအတွက်အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ကျေးရွာစာသင်ကျောင်းတွင် သောက်ရေကန် ရရှိရန်လိုအပ်ပါသည်။...

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၉၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၁၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိအိမ်ထောင်စုတိုင်းနီးပါးယင်လုံအိမ်သာသုံးစွဲကြပါသည်။ ယင်လုံ အိမ်သာသုံးစွဲမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့် ဖြစ်ပွားတက်သော ကူးဆက်ရောဂါ ဖြစ်ပွားမှု အလွန်နည်းပါးပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ်(သီးနှံရိတ်သိမ်းချိန်တွင်သာအလုပ်အကိုင် ပေါများပြီးကျန်အချိန်များတွင်အလုပ်အကိုင်နည်းပါးခြင်း၊ဝင်ငွေရလုပ်ငန်းနည်းပါးခြင်း) |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | - |
| ၃ | ရေကြီးခြင်း | နိမ့်(မိုးတွင်းအချိန်မှသာဖြစ်၍အန္တရာယ်ဖြစ်မှုနည်းခြင်း) |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | လတ်(မိုးဦး၊မိုးနှောင်းကာလများတွင်ဖြစ်တက် ခြင်း) |
| ၇ | လျှော် | နိမ့်(လျှော်ဒဏ်ကြောင့်အန္တရာယ်ဖြစ်မှုနည်းခြင်း) |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့်(စိုက်ပျိုးမြေများမြေဆီလွှာပျက်ဆီး၍သီးနှံအထွက်န |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| | | ည်းခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ်(သစ်တောမြေမရှိပါ၊လောင်ဆာမလုံလောက်မှုကြောင့်သစ်ပင်များခုတ်လှဲရခြင်း) |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိ၍ စပါးများကို ရောင်းချနိုင်ပါသည်။ကျဘမ်းလုပ်သားများ အနေဖြင့် သီးနှံရိတ်သိမ်းချိန်မှ သာအလုပ်အကိုင် ပေါများ၍ ကျန်အချိန်များတွင် အလုပ်အကိုင်နည်းပါးခြင်း၊ ဝင်ငွေရလုပ်ငန်းများ မရှိခြင်းတို့ကြောင့် စားနပ်ရိက္ခာ မဖူလုံမှုအနည်းငယ် ဖြစ်တက်ပါသည်။ မိုးဦးနှင့် မိုးနှောင်းကာလများတွင် မုန်တိုင်းအသင့်အတင့် ခံစားရပါသည်။ ကျေးရွာရှိလယ်မြေများတွင်မြေသြဇာများသုံးစွဲမှုများကြောင့် မြေဆီလွှာများ ပျက်စီး ယိုယွင်းလာရပါသည်။ကျေးရွာတွင် လောင်ဆာမလုံလောက်မှုကြောင့် ကျေးရွာရှိ သစ်ပင်များ ခုတ်လှဲကြရပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေသြဇာများသုံးစွဲမှုကြောင့်မြေဆီလွှာများပျက်စီးလာရပါသည် |
| အပင်မျိုးစိတ်များ | - | - |
| ရေအရင်းအမြစ် | - | - |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိလယ်ယာမြေများတွင်မြေဆီလွှာများကောင်းမွန်သော်လည်း အရည်အသွေးနိမ့် မြေသြဇာများ သုံးစွဲမှုကြောင့် သီးနှံအထွက်နှုန်းကို လျော့နည်းစေပါသည်။ ဖျတ်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုမရှိသောကြောင့်လည်းစပါးအထွက်နှုန်းလျော့နည်းစေပါသည်။

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ✔ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✔ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှုရှိ ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုရှိပါသည်။ ကျားမရေးရာသာတူညီမျှအခွင့်အရေး ရရှိနေသောကြောင့် အသိအမြင် ဗဟုသုတ ကြွယ်ဝမှုကြောင့် တရားမျှတ မှုဆိုင်ရာများအတွက်ဆောင်ရွက်ခြင်းရှိပါသည်။

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်

၂။ ကျိုက်လတ်မြို့နယ်၊တညီကျေးရွာတွင်၂၀၁၈ခုနှစ်၊ဖွန်လ၌ကျင်းပပြုလုပ်သောကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း

၃။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ